ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ချင်းကာကွယ်ရေးတပ်ဖွဲ့ (မင်းတပ်)၏ (၂) နှစ်ပြည့် တော်လှန်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် နှုတ်ခွန်းဆက်သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်

၁။ ယနေ့ကျရောက်သော ချင်းကာကွယ်ရေးတပ်ဖွဲ့(မင်းတပ်)၏ (၂) နှစ်ပြည့် တော်လှန်ရေးနေ့ အခါသမယတွင် ချင်းကာကွယ်ရေးတပ်ဖွဲ့(မင်းတပ်)အပါအဝင် ချင်းပြည်တစ်ခုလုံးရှိ နွေဦးတော်လှန်ရေး အင်အားစုများအားလုံး စိတ်၏ ကြံ့ခိုင်သန့်စွမ်းခြင်း၊ ကိုယ်၏ကျန်းမာလုံခြုံခြင်းများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတော် အာဏာကို လုယူသိမ်းပိုက်ပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစတင်၍ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်းရှိ ပြည်သူလူထု၊ တက္ကသိုလ် ကျောင်းသား/သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် အာဏာသိမ်းမှုကို လက်မခံသည့်အတွက် အကြမ်းမဖက် ဆန္ဒထုတ်ဖော်ခြင်း၊ အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များပါဝင်ပြီး မင်းတပ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခြင်းနှင့် ချင်းကာကွယ်ရေးတပ်ဖွဲ့(မင်းတပ်)ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းတို့ဖြင့် နွေဦးတော်လှန်ရေးဖြစ်စဥ်အတွင်း မင်းတပ်မြို့နယ်သည် စနစ်တကျ တဆင့်ပြီးတဆင့် ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

၃။ ၂၀၂၁ ခုနှစ်၊ ဧပြီလ၂၄ရက်နေ့တွင် မင်းတပ်မြို့ရှိ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့၏ ဖမ်းဆီးချုပ်နှောင်ခံထားရသည့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူ မင်းတပ်ဒေသခံများအား ပြန်လွှတ်ပေးရန် ညှိနှိုင်းမှုကို စစ်ကောင်စီဘက်မှ ကတိမတည်၊ ပျက်ကွက်ခဲ့ပြီးနောက် ချင်းကာကွယ်ရေး

တပ်ဖွဲ့(မင်းတပ်)က ၎င်းတို့အား စစ်ကောင်စီတပ်ဖွဲ့၏ လက်ထဲမှ အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သည်ကို အထိမ်းအမှတ်ပြုကာ တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်ဟု သိရှိရပါသည်။

၄။ ချင်းကာကွယ်ရေးတပ်ဖွဲ့(မင်းတပ်)သည် ချင်းလူမျိုးများ၏ တူမီးတော်လှန်ရေးကို စတင်ခဲ့သူများပင် ဖြစ်သည်။ ဤ(၂)နှစ်တာကာလအတွင်း မင်းတပ်မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုအောက်၌ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကယ်ဆယ်ရေး၊ စိုက်ပျိုးမွေးမြူရေးအစရှိသော လုပ်ငန်းများကို တော်လှန်ရေးကာလလိုအပ်ချက်များနှင့်အညီ ထူးခြားအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် မြန်မာနိုင်ငံအရပ်ရပ်ရှိ နွေဦးတော်လှန်ရေးအင်အားစုများ၏ လေးစားအားကျမှုကို ရရှိခဲ့သည့် ချင်းကာကွယ်ရေးတပ်ဖွဲ့(မင်းတပ်)၏ ရဲစွမ်းသတ္တိနှင့် စွမ်းရည်ထက်မြက်သော တိုက်ပွဲဝင်ခဲ့မှုများကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုသကဲ့သို့ အသက်စွန့်သွားခဲ့ကြသည့် သူရဲကောင်းများကိုလည်း အလေးပြုအပ်ပါသည်။

၅။ နွေဦးတော်လှန်ရေး(၂)နှစ်တာအတွင်း မင်းတပ်မြို့နယ်အပါအဝင် ချင်းပြည်အနှံ့၌ အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုများကြောင့် ထိခိုက်သေဆုံး၊ နာကျင်ကြရသူ အရပ်သားပြည်သူများ၊ တပ်ဖွဲ့ဝင်များ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူခံစားမိပါကြောင်း ဖော်ပြလိုပါသည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့က မင်းတပ်မြို့နယ်၊ ပန်းပါကျေးရွာကို စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အသက် (၄) နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အရပ်သား(၃)ဦးသေဆုံးခဲ့ရသည်ကိုလည်း အထူးဝမ်းနည်းကြေကွဲရပြီး ကျန်ရစ်သူမိသားစုဝင်များနှင့်ထပ်တူ ယူကြုံးမရဖြစ်ရပါသည်။

၆။ ယခုအချိန်တွင် မိမိတို့အနေဖြင့် လက်နက်ကိုင်တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲနေကြခြင်းဖြစ်သည့်အတွက် ထိခိုက်ပေးဆပ်ရမှုများကို မလွဲမရှောင်သာ ကြုံတွေ့ကြရမည်ဖြစ်သည်။ သို့သော်လည်း မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်သို့ရောက်သည်အထိ အချင်းချင်း ဖေးမယုံကြည်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် မဆုတ်မနစ် ဆက်လက် ချီတက်ကြရမည်ဖြစ်သည်။ ရန်သူသည် မိမိတို့အား ဖျက်ဆီးရန် အချိန်နှင့်အမျှ နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်လျှက်ရှိ

သည်ကို သတိကြီးစွာထားလျက် ဉာဏ်အမြော်အမြင်ရှိရှိ စည်းလုံးညီညွတ်စွာဖြင့် အောင်ပွဲရသည် အထိ ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

၇။ ဤနွေဦးတော်လှန်ရေး(၂)နှစ်တာကာလအတွင်း ချင်းပြည်တပ်ဦး၌ ချင်းကာကွယ်ရေး တပ်ဖွဲ့(မင်းတပ်)၏ ခိုင်မာပြတ်သားသော တော်လှန်ရေးစိတ်ဓါတ်နှင့် ကိုယ်ကျိုးစွန့်ပါဝင်ခဲ့မှုများ အား လှိုက်လှဲစွာ မှတ်တမ်းတင် ဂုဏ်ပြုရင်း ဤနှုတ်ခွန်းဆက်သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

တော်လှန်ရေးသစ္စာဖြင့် -

မန်းဝင်းခိုင်သန်း
ပြည်ထောင်စုဝန်ကြီးချုပ်